Myanmar Garment Manufacturers Association

# NEWSLETTER

SEPTEMBER 2022, ISSUE

# The Capacity Development on Textile & Garment Industry and Its Sustainability for SMEs of CLMV Countries Training




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သော ဦးအောင်မျိုးဟိန်း၊ ဒေါ်လေးလေးမွန် နှင့်အသင်းဝင်စက်ရုံမှအသင်းဝင်တစ်ဦးတို့သည် ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် The Capacity Development on Textile & Garment Industry and Its Sustainability for SMEs of CLMV Countries Training သို့တက်ရောက်ခဲ့ကြသည်။

စာ - ၂ သို့>>>>>


စာ - ၇



စာ - ၈

# မာတိကာ

## Activity

The Capacity Development on Textile & Garment Industry and Its Sustainability for SMEs of CLMV Countries Training ........................................ ၂-၃

အွန်လိုင်းစနစ်ဖြင့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်မည် ........................................ ၅-၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................ ၇

Industrial Relations in Garment Factories Training ........................................ ၈-၉

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၃-၄)........................................ ၁၀

Industrial Engineering Training (Batch – 73) ........................................ ၁၁

## News

Pilot Factory သို့အာဟာရအိတ်များထောက်ပံ့ပေးခြင်း ........................................ ၁၂

Voluntary Labor Compliance Assessment ........................................ ၁၃-၁၄

## Upcoming Activity

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | MGMA team activities to members' factories in Pathein<br>- Voluntary Labor Compliance Assessment<br>- Labour Law Training<br>- Income Management Training, supported by LIFT Myanmar | October 17-22 | Pathein |
| 2. | Merchandiser Training supported by LIFT Myanmar | October 27,28,29 | MGHRDC |

## Membership Update

New Members in September 2022 ........................................ ၁၄

Membership update as of September 2022 ........................................ ၁၅

# ACTIVITY

## The Capacity Development on Textile & Garment Industry and Its Sustainability for SMEs of CLMV Countries Training












မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဦးအောင်မျိုးဟိန်း၊ ဒေါ်လေးလေးမွန်နှင့် အသင်းဝင်စက်ရုံမှအသင်းဝင်တစ်ဦးတို့သည် ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် The Capacity Development on Textile & Garment Industry and Its Sustainability for SMEs of CLMV Countries Training သို့တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းအား AFTEX Thailand မှဦးစီးကာ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၇ ရက်ထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Thailand Textile Institute ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် Textile product design, Textile product management, Textile testing, Types of raw materials used in the dyeing, printing, and finishing processes, Bleaching-dyeing process, Textile printing process, Textile finishing process, Testing after the dyeing, printing, and finishing processes and


Development of natural fibers အစရှိသည့်လုပ်ငန်းစဉ်များကို သင်ကြားခဲ့သည်။ သင်တန်းအား CLMV နိုင်ငံများနှင့် ထိုင်းနိုင်ငံတို့ရှိ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းမှဝန်ထမ်းများကိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းများ၏ အသိပညာ၊ ကျွမ်းကျင်မှုများကိုမြှင့်တင်ပေးသည့်အပြင်နိုင်ငံတစ်ခုချင်းစီ၏ အသိပညာနှင့်အတွေ့အကြုံများဖလှယ်မှုကို ဖြစ်ပေါ်စေပြီး ရေရှည်တည်တံ့သောအထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်အချင်းချင်း အပြန်အလှန်ဖေးမကူညီရန်နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပြီး သီအိုရီနှင့်လက်တွေ့သင်တန်း ၉ ရက် နှင့် လေ့လာရေးခရီးစဉ် ၁ ရက် တို့ပါဝင်သည်။


















# “ အသင်းဝင်များသိသာစေရန်

# (Information on Border Trade)”

CMP စနစ်ဖြင့် ချုပ်ထည်၊ အိတ်၊ ဖိနပ် စသည်တို့ကို ထုတ်လုပ်သော ကုမ္ပဏီများ သည် နယ်စပ်မှတဆင့် ကုန်ကြမ်းပစ္စည်းများကို တင်သွင်းလေ့ရှိကြပါသည်။ ယာဥ်တစ်စီးတည်းကို ကုန်ပစ္စည်းပိုင်ရှင်တစ်ဦးထက်ပို၍ အသုံးပြုကြပြီး ရံဖန်ရံခါ၌ ကုန်တင်ယာဥ်ပေါ်တွင်တရားဝင်တင်သွင်းခွင့်မရှိသော နိုင်ငံတော်မှပိတ်ပင်ထား သောပစ္စည်းများ၊ ကန့်သတ်ထားသောပစ္စည်းများနှင့် အကောက်ခွန်မဲ့ပစ္စည်းများ လည်း ရောနှောသယ်ဆောင်တတ်ကြောင်းသိရှိရပါသည်။ ကုန်တင်ယာဥ်များအား စစ်ဆေးချိန်၌ တရားမဝင်ပစ္စည်းများအား စစ်ဆေးတွေ့ရှိလျှင် ယင်းပစ္စည်းများနှင့် အတူ ယာဥ်ပေါ်တွင်ပါရှိသော ကုန်ပစ္စည်းများ အားလုံး ယာယီသိမ်းဆည်းခံနေရ သည်ဟုလည်းကြားသိရပါသည်။

သို့ပါ၍ CMP စနစ်ဖြင့် တင်သွင်းမည့် ကုန်ကြမ်းပစ္စည်းများအား ကုန်တင်ယာဥ် ပေါ်သို့မတင်မီ၊ ပစ္စည်းများတင်နေချိန်နှင့် တင်ပြီးသည့်အချိန်များတွင် အသင်းဝင် စက်ရုံ/ကုမ္ပဏီများသည် မိမိတို့၏ လုပ်ငန်းတာဝန်ခံကိုယ်စားလှယ် (သို့မဟုတ်) မိမိတို့နှင့်ဆိုင်ရာ Agent များအား ကုန်ပစ္စည်းထည့်သွင်းထားသို့မှု အနေအထား အပြည့်အစုံကို ဓါတ်ပုံ (Photo) မှတ်တမ်းများ ရယူထားကြရန်အတွက် အသိပေးနိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အွန်လိုင်းစနစ်ဖြင့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု စစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်မည်




**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် အွန်လိုင်းစနစ်ဖြင့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုစစ်ဆေးခြင်း (VLCA Online System) ကို ယခုနှစ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်လွှတ်တင်အသုံးပြုမည်ဖြစ်ပါသည်။**

ယင်းအွန်လိုင်းစစ်ဆေးမှုစနစ်နှင့်အတူ Grievance Mechanism တစ်ခုလည်းပါဝင်လာမည်ဖြစ်ပါသည်။ ယင်း Grievance Mechanism ကိုအသုံးပြု၍ MGMA အသင်းဝင်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသောအလုပ်သမားက အသင်းထံသို့ ၎င်း၏ နစ်နာချက်ကို တိုင်ကြားနိုင်မည်ဖြစ်ပါသည်။ ထိုသို့ တိုင်ကြားလာသော တိုင်ကြားချက်မှတဆင့် MGMA သည် သက်ဆိုင်သူများအား ဆက်သွယ်၍ကြားဝင်ဖြေရှင်းပေးခြင်း၊ ကြီးကြပ်ညှိနှိုင်းပေးခြင်းနှင့်လိုအပ်သလိုထိန်းကြောင်းပြုပြင်ပေးခြင်းများပြုလုပ်သွားမည်ဖြစ်ပါသည်။


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO) လက်အောက်ရှိ အလုပ်ရှင်ဌာန (ACT/EMP) ၏ကူညီထောက်ပံ့မှုဖြင့် ၂၀၁၉ ခုနှစ်အတွင်း "မိမိဆန္ဒအလျောက် အလုပ်သမားဥပဒေလေးစာလိုက်နာမှုစစ်ဆေးခြင်း" (Voluntary Labour Compliance Assessment – VLCA) အစီအစဉ်ကို အကောင်အထည်ဖော်၍ စက်ရုံ ၂ ရုံအစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ ထို့နောက် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသင်းဝင်စက်ရုံများသိစေရန် တရားဝင်ထုတ်ပြန်ခဲ့ပြီး ကိုဗစ် - ၁၉ ကပ်ရောဂါကာလအလွန် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ မှစတင်၍အသင်းဝင်စက်ရုံများအား VLCA စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလကုန်အထိအသင်းဝင်စက်ရုံပေါင်း ၃၀ ရုံအားစစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ စစ်ဆေးမှုတွေ့ရှိချက်များနှင့်အကြံပြုချက်များပါသောအစီရင်ခံစာများကို သက်ဆိုင်ရာစက်ရုံများထံပေးပို့၍ ၎င်းစက်ရုံများ၏ ဥပဒေလေးစားလိုက်နာမှုရှိစေရေးနှင့် လုပ်ငန်းခွင်ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေးတို့အတွက် ကြီးကြပ်မှု၊ အကြံပေးမှုနှင့် ပြုပြင်ထိန်းကြောင်းမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသော VLCA စစ်ဆေးခြင်းလုပ်ငန်းကိုပိုမိုတိုးမြှင့်လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် " အင်တာနက် အွန်လိုင်းမှတဆင့် VLCA စစ်ဆေးခြင်းစနစ် " (VLCA Online System) ကိုတည်ဆောက်လျက်ရှိပြီး ယင်းနှင့်အတူအထက်တွင်ဖော်ပြခဲ့သော Grievance Mechanism

(နစ်နာချက်တိုင်ကြားခြင်း) စနစ်တစ်ခုကိုလည်းတည်ဆောက် လျက်ရှိပါသည်။

VLCA Online System ဖြင့်အသင်းဝင်စက်ရုံများ၏ အလုပ်သမားဥပဒေလေးစားလိုက်နာမှုကိုစာရွက်စာတမ်းအထောက်အထားများနှင့်တကွလွယ်ကူလျှင်မြန်စွာတိုက်ဆိုင်စစ်ဆေးသွားနိုင်မည်ဖြစ်သကဲ့သို့ Grievance Mechanism (နစ်နာချက်တိုင်ကြားခြင်း) စနစ်ကိုအသုံးပြု၍လည်းအသင်းဝင်စက်ရုံများတွင်အလုပ်လုပ်နေသောအလုပ်သမားများက MGMA အသင်းထံ၄င်းတို့၏နစ်နာချက်များကို လွယ်ကူလျှင်မြန်စွာ တိုင်ကြားနိုင်မည်ဖြစ်သည်။

ထိုသို့တည်ဆောက်လျက်ရှိသော VLCA Online System နှင့် Grievance Mechanism တို့ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်းတရားဝင်လွှတ်တင်၍စတင်အသုံးပြုမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။



# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီးအလုပ်အမှုဆောင်များမှဗဟိုဘဏ်၏ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီးပို့ကုန်ရငွေနှင့်ပတ်သက်သော ကိစ္စရပ်များ ၊ နိုင်ငံခြားသားပိုင်စက်ရုံများနှင့်မြန်မာနိုင်ငံသားပိုင်စက်ရုံများအတွက်ပို့ကုန်ရငွေအပေါ်သက်ရောက်မှု ကွဲပြားချက်များအား MIC မှကြီးမှူးကျင်းပသောအစည်းအဝေးတွင်ပြန်လည်ညှိနှိုင်းခြင်းကိစ္စရပ်များ၊ ဒုတိယအကြိမ် သက်သာသောဈေးနှုန်းဖြင့်ဆန်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ Good Rice Good Price အစီအစဉ်ဖြင့် အထည်ချုပ်လုပ်သားများအားဖြန့်ဝေနိုင်ရေးကိစ္စရပ်များ၊ အထည်ချုပ်လုပ်သားများ၏သက်သာချောင်ချိစေရေး ကိစ္စရပ်များ နှင့်ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒုဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အခြားသောအလုပ်အမှုဆောင်အဖွဲ့ဝင်များ မှ Zoom Application ဖြင့်တက်ရောက်ခဲ့ကြသည်။





# Industrial Relations in Garment Factories Training




VICE-CHAIRMAN OF MGMA U KYAW WIN GIVING OPENING REMARKS

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ Industrial Relations in Garment Factories Training ကို LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် နှင့် ၂၃ ရက်များတွင် MGHRDC ၌ပြုလုပ်ခဲ့သည်။ ၎င်းသင်တန်းကို စက်ရုံများမှစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် အလုပ်သမားအခွင့်အရေးများကိုကာကွယ်ရန်အတွက် သိသင့်သိထိုက်သည့်အသိပညာနှင့်ဗဟုသုတများပိုမိုတိုးတက်စေရန် နှင့် အသင်းဝင်စက်ရုံများမှ လုပ်သားများ၏အကျိုးခံစားခွင့်များပိုမိုရရှိစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းအဖွင့်အမှာစကားကို MGMA ၏ ဒု-ဥက္ကဌ ဦးကျော်ဝင်းမှပြောကြားခဲ့ပြီးယခုလိုသင်တန်းကို တက်ရောက်ပေးသည့်အတွက်ကျေးဇူးတင်ကြောင်းထည့်သွင်းပြောကြားခဲ့သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ the Employment & Workers' Orientation, Recruitment and Personal Interview , Payment of Wages and Variable Pay Systems , Leave & Holiday, Workers' Entitlements and Benefits ,



GROUP PHOTO



CEC OF MGMA U TUN TUN GIVING CLOSING REMARKS

Labour Organization and Dialogue in Workplace, Settlement of Labour Dispute များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ လှုပ်ရှားမှုများဖြင့်ရှင်းလင်းသင်ကြားခဲ့သည်။

ထို့နောက် MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းမှ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်စကားပြောကြားခဲ့ပြီး တက်ရောက်လာသည့် MGMA ၏အသင်းဝင်စက်ရုံများမှသင်တန်းသားအယောက် (၃၀) အားသင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။



LABOUR OFFICER OF MGMA U MIN SOE HAN PRESENTING INDUSTRIAL RELATIONS



GROUP WORK



GROUP WORK




AWARDING CERTIFICATE




AWARDING CERTIFICATE




AWARDING CERTIFICATE

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း

# (Compulsory Training) အမှတ်စဉ် (၃-၄)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၃-၄) ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နှင့် ၂၉ ရက်များတွင် အထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



BATCH – 3 GROUP PHOTO



BATCH – 4 GROUP PHOTO



GROUP WORK

သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကိုဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၂၉) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၃) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် သင်တန်းကိုလစဉ်ပုံမှန်ပြုလုပ်သွားမည်ဖြစ်သည်။



LABOUR OFFICER OF MGMA PRESENTING LABOUR LAW AWARENESS

# Industrial Engineering Training (Batch – 73)



GROUP PHOTO



MD OF MGMA DAW AYE MI SHEIN GIVING OPENING REMARKS

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများအတွက် Industrial Engineering Training (Batch – 73) ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ရက်မှ စက်တင်ဘာလ ၉ ရက်နေ့ထိ (၁၁ ရက်ကြာ) မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းအဖွင့်အမှာစကားကို MGMA ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှပြောကြားခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသော ထုတ်လုပ်မှုကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့်စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ် စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းနောက်ဆုံးနေ့တွင် MGMA ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၅) ယောက်တက်ရောက်ခဲ့သည်။



AWARDING CERTIFICATE



LECTURING IE



GROUP DISCUSSION



GROUP WORK

# NEWS

## Pilot Factory သို့အာဟာရအိတ်များထောက်ပံ့ပေးခြင်း



DISTRIBUTION NUTRITION PACKS

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှကြီးမှူးကာ အာဟာရအိတ်များထောက်ပံ့ပေးခြင်းကို စက်တင်ဘာလ ၅ ရက်နှင့် ၆ ရက်များတွင် Pilot Factory ဖြစ်သည့် နေပြည်တော်ရှိ Chindwin Banner 3 Co.,Ltd ၌ ပြုလုပ်ခဲ့သည်။ ပထမဦးစွာ MGMA ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးမိရှိန်မှ အာဟာရအိတ်များ ထောက်ပံ့ပေးခြင်း၏ရည်ရွယ်ချက်ကို အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့ပြီး ဆန်၊ ဟင်းသီးဟင်းရွက်ဆီ၊ အိုင်အိုဒင်းဆား၊ မြေပဲ၊ ပဲနီလေး၊ ငါးခြောက် နှင့် ဆပ်ပြာတို့ပါဝင်သည့် အာဟာရအိတ်များကို အထည်ချုပ်လုပ်သား (၄၀၀) ထံသို့ ဝေမျှပေးခဲ့သည်။ ထို့ပြင် အာဟာရပန်ကန်လုံးများ၊ အာဟာရနှင့်ပတ်သက်သည့်လက်ကမ်းစာစောင်များ ကိုလည်းဝေမျှခဲ့သည်။ ယခုလိုထောက်ပံ့ပေးခြင်းကို MGMAမှကြီးမှူးခြင်းဖြစ်ပြီးကျန်းမာပြီး အာဟာရပြည့်ဝသောလုပ်သားအင်အားဖြင့် စက်ရုံ၏ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



SUPPLIES NUTRITION BOWLS



DISTRIBUTION NUTRITION PAMPHLETS



DISTRIBUTION NUTRITION PAMPHLETS



NUTRITION PACKS INGREDIENTS



NUTRITION PACKS

# Voluntary Labour Compliance Assessment စစ်ဆေးခြင်း




TIANJIAN FASHION MILESTONE CO.,LTD

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် အသင်းဝင်စက်ရုံ (၃) ရုံကိုသွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ မြစိမ်းရောင်စက်မှုဇုန်ရှိ Zong Hong Myanmar Garment Co.,Ltd, မင်္ဂလာဒုံစက်မှုဇုန်ရှိ TI Garment Co.,Ltd နှင့် ရွှေလင်ဗန်းစက်မှုဇုန်ရှိ Tianjian Fashion Milestone Co.,Ltd တို့ဖြစ်သည်။ Zong Hong Myanmar Garment Co.,Ltd သို့စက်တင်ဘာလ ၁၃ ရက်တွင်လည်းကောင်း၊ TI Garment Co.,Ltd သို့ စက်တင်ဘာလ ၁၉ ရက်တွင်လည်းကောင်း၊ Tianjian Fashion Milestone Co.,Ltd သို့ စက်တင်ဘာလ ၂၇ ရက်တွင်လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။ စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်း အားလုံးနှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့်အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



TI GARMENT CO.,LTD




ZONG HONG MYANMAR GARMENT CO.,LTD



TI GARMENT CO.,LTD



TIANJIAN FASHION MILESTONE CO.,LTD



ZONG HONG MYANMAR GARMENT CO.,LTD

# UPCOMING ACTIVITY

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | MGMA team activities to members' factories in Pathein<br>- Voluntary Labor Compliance Assessment<br>- Labour Law Training<br>- Income Management Training, supported by LIFT Myanmar | October 17 to 22 | Pathein |
| 2. | Merchandiser Training supported by LIFT Myanmar | October 27,28,29 | MGHRDC |

# MEMBERSHIP UPDATE

New Members in September 2022

| Country | No. of New Member Factories |
|---|---|
| China | 3 |
| Myanmar | 1 |
| Total | 4 |

Membership Update as of September 2022

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 69 |
| | China | 298 |
| | Korea | 57 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 27 |
| | Local, Sub-Con, Marketing, Inspection ,Textile | 45 |
| Total (Active) | | 535 |
| Grand Total | | 783 |